# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Myanmar Weekly Conflict Update (November 1 - 7, 2024)

### Civilian Casualties

- မြန်မာနိုင်ငံ အနှံ့အပြားတွင် နိုဝင်ဘာလ ပထမအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၂၂ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် အမျိုးသမီး ၃ ဦး ပါဝင်ပါသည်။
- စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၅ ဦးစီ သေဆုံးခဲ့ပါသည်။ မန္တလေးတိုင်းနှင့် ရခိုင်ပြည်နယ်တွင် ၄ ဦးစီ၊ မကွေးတိုင်းတွင် ၃ ဦးနှင့် ပဲခူးတိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၄ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၆ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၅ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၂၇၇ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- စစ်ကိုင်းတိုင်းတွင် နေအိမ် ၁၃၇ လုံး၊ ချင်းပြည်နယ်တွင် ၉၀ လုံး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၀ လုံး၊ မကွေးတိုင်းတွင် ၁၉ လုံးနှင့် တနင်္သာရီတိုင်းတွင် ၁၁ လုံးတို့ ဖြစ်ကြပါသည်။

### ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံရှိ စစ်ကိုင်းတိုင်းတွင် နိုဝင်ဘာလ ပထမအပတ်အတွင်း အရပ်သားပြည်သူ ၉၂ ဦး ဖမ်းဆီးခံခဲ့ရသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၇ ခုတွင် နိုဝင်ဘာလ ပထမအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၃၄ ကြိမ်ပြုလုပ်ခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ၁၀ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၉ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၈ ကြိမ်၊ မကွေးတိုင်းတွင် ၃ ကြိမ်၊ ချင်းပြည်နယ်တွင် ၂ ကြိမ်၊ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ၁ ကြိမ်စီတို့ ဖြစ်ကြပါသည်။

## နိုဝင်ဘာလ ပထမအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ပထမအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ် ပေါင်း ၇၂ ကြိမ် ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၁၄ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၂ ကြိမ် ဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၇ ကြိမ်စီ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၅ ကြိမ်စီ၊ ပဲခူးတိုင်းတွင် ၄ ကြိမ်၊ ချင်းပြည်နယ်တွင် ၃ ကြိမ်၊ မန္တလေးတိုင်းတွင် ၂ ကြိမ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်၊ နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

နိုဝင်ဘာလ ပထမအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၃၄ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၄ ဦး ကျဆုံးခဲ့ပါသည်။

# တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

## AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ပန်းမြောက်တောင် လက်နက်ကြီးအထိုင်စခန်းကို AA မှ ပြင်းပြင်းထန်ထန် ထိုးစစ်ဆင် တိုက်ခိုက်ပြီး နိုဝင်ဘာ ၁ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့သည်။

- နိုဝင်ဘာ ၂ ရက်တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ အမ်းချောင်းအရှေ့ဘက်ကမ်းရှိ စစ်ကောင်စီ၏ BE တပ်ရင်း၊ သရက်ပင် တပ်စခန်း၊ နတလဂိတ်တို့ကို AA က ထပ်မံသိမ်းပိုက်လိုက်သည်။

- ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်ထဲက လေကြောင်းရန်ကာကွယ်ရေးတပ်ကို အာရက္ခတပ်တော် (AA) မှ နိုဝင်ဘာ ၄ ရက် တွင် သိမ်းပိုက်ခဲ့ပါသည်။

- ရခိုင်ပြည်နယ်၊ အမ်းမြို့က အမှတ် (၇၅၇) အလုပ်ရုံတပ်ခွဲ (လျှပ်စစ်) ကို နိုဝင်ဘာ ၅ ရက်မှာ အာရက္ခတပ်တော် (AA) က သိမ်းပိုက်ခဲ့သည်။

## KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ဖိမော်ဒေသ အခြေစိုက်စစ်ကောင်စီ လက်အောက်ခံ နယ်ခြားစောင့်တပ်(BGF) -၁၀၀၁ တပ်ရင်း ဌာနချုပ်ကို ကချင်လွတ်လပ်ရေးတပ်မတော်(KIA)က အောက်တိုဘာ ၃၁ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။

- နိုဝင်ဘာ ၁ ရက်တွင် ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ လဝေ့ကျေးရွာရှိ စစ်ကောင်စီနှင့် ပြည်သူ့စစ် ပင်မစခန်းနှင့် ကာကင်းစခန်း စုစုပေါင်းစခန်း လေးခုကို KIA/PDF ပူးပေါင်းတပ်ဖွဲ့များက တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

- နိုဝင်ဘာ ၂ ရက်တွင် ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်အတွင်းရှိ ဖီမော်မြို့ကို ကချင်လွတ်လပ်ရေး တပ်မတော် (KIA) က သိမ်းပိုက်ခဲ့သည်။

**နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 01-07, November 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **BAGO** | 4 | 1 | 23 | | | 1 | | | |
| **CHIN** | 3 | 2 | | | | | | | 90 |
| **KACHIN** | 5 | | | | | | | | |
| **KAYIN** | 7 | 1 | | | | | | | |
| **MAGWAY** | 7 | 3 | 32 | 3 | | 3 | | | 19 |
| **MANDALAY** | 2 | | 6 | | | 4 | | | |
| **MON** | 5 | | 5 | 1 | | | | | |
| **RAKHINE** | 14 | 10 | 1 | | | 4 | | | |
| **SAGAING** | 12 | 8 | 40 | | | 5 | 92 | | 137 |
| **SHAN ( N )** | 7 | 9 | | | | 5 | | | |
| **SHAN ( S )** | 1 | | 5 | | | | | | 20 |
| **TANINTHARYI** | 5 | | 22 | | | | | | 11 |
| **TOTAL** | **72** | **34** | **134** | **4** | | **22** | **92** | | **277** |

## Map of Myanmar Conflict ( November 01-07, 2024 )



## **တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်**

နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တွင် နယူးဒေလီမြို့မှာပြုလုပ်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲကို တက်ရောက်ဖို့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ(NSPNC)၊ ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေးစင်တာ(CPR)အပါအဝင် နိုင်ငံရေးပါတီ ၁၁ ပါတီနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့က ကိုယ်စားလှယ်တွေ အိန္ဒိယနိုင်ငံကို ရောက်ရှိနေပါသည်။

(၈) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေကို တက်ရောက်ရန်အတွက် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟာ အရပ်ဘက် စစ်ဘက် ကိုယ်စားလှယ်အဖွဲ့နှင့် အတူ တရုတ်နိုင်ငံကို နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော်တပ်လေဆိပ်ကနေ MAI လေယာဉ်နဲ့ သွားရောက်ခဲ့ပါသည်။

တရုတ်နိုင်ငံ၊ ကူမင်းမြို့၌ကျင်းပနေသည့် တရုတ်နှင့် မဲခေါင်ဒေသတွင်းနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်သော စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများကို တက်ရောက်လာသော ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့ကို စစ်ခေါင်းဆောင် ဗိုလ်ချုပ် မှူးကြီးမင်းအောင်လှိုင်က နိုဝင်ဘာ ၆ ရက်တွင် သီးသန့်တွေ့ဆုံခဲ့သည်။ ထိုနေ့တွင်ပင် စစ်ကောင်စီ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ဝန်ကြီးချုပ် Li Qiang နှင့် ကူမင်းတွင် တွေ့ဆုံခဲ့သည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Khonumthung Burmese,**

**Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, DVB, BBC,**

**MeKong News, Than Lwin Times, PVTV, Myanmar Now, The Nation Voice.**

.